မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## တရားရုံးအားမထေမဲ့မြင်ပြုမှု – အက်ဥပဒေပုဒ်မ ၃ အရ ရှေ့နေကြီး ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား တရားစွဲဆိုမှုနှင့် ပတ်သက်၍ ဥပဒေရေးရာ ထုတ်ပြန်ကြေငြာချက်

၁။ လူငယ်ရှေ့နေ ကိုညီညီထွေးနှင့် ကိုစောကျော်ကျော်မင်းတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ အရ ထောင်ဒဏ် ၆ လစီချမှတ်လိုက်ပြီးနောက်ပိုင်း ယခုရှေ့နေကြီး ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား လှိုင်မြို့နယ်တရားသူကြီး ဒေါ်အေးမြိုင်က တရားရုံးအား **မထေမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃** အရ တရားစွဲဆိုရန်သမ္မာန်စာ ပို့ထားသည့်အမှုဖြစ်သည်။ ယခု လ ၆ ရက်နေ့ (ကြာသာပတေးနေ့) တွင်ရုံးချိန်းရက်ပေးထားခြင်းဖြစ်သည်။

၂။ အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားအမှုသည်များက “တရားရုံတော်ကို အယုံအကြည်မရှိတော့သဖြင့် သူတို့၏ ရှေ့နေပါဝါများ ရုပ်သိမ်းလိုက်ကြောင်း တရားသူကြီးထံတင်ပြခဲ့သည်။” ဤသို့တင်ပြခဲ့သည်ကို အကြောင်းပြု၍ ၎င်းတို့၏ အမှုကိုလိုက်ပါဆောင်ရွက်နေသော ဗဟိုတရားရုံးချုပ် ရှေ့နေကြီး ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့ကၡင်းတို့အသီးသီး၏ ပါဝါများကို ရုပ်သိမ်းလိုက်သဖြင့် ယခုကဲ့သို့တရားစွဲဆိုလာခြင်းဖြစ်သည်။

“တရားရုံးတော်ကို အယုံအကြည်မရှိ”တော့သဖြင့် မိမိတို့၏ ရှေ့နေများ ပါဝါကိုရုပ်သိမ်းခြင်းမှာ အမှုသည်များနှင့်သာသက်ဆိုင်ပါသည်။ လိုက်ပါဆောင်ရွက်နေသော ရှေ့နေများသည် အမှုသည်၏ညွှန်ကြားချက်အရသာ ပါဝါတွင် လက်မှတ်ထိုးပြီး လိုက်ပါဆောင်ရွက်ရသူ တရားရုံးအရာရှိများ ဖြစ်ပါသည်။ အမှုသည်က ဆက်မငှားတော့သဖြင့် အမှုကိုဆက်လက်လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်တော့ခြင်းမှာ ဥပဒေနှင့် အညီလုပ်ကိုင်ဆောင်ရွက်ခြင်း သာ ဖြစ်ပါသည်။

၃။ အမှုကို လိုက်ပါဆောင်ရွက်နေစဉ် ရှေ့နေကိုညီညီထွေးနှင့် ကိုစောကျော်ကျော်မင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် မ ၂၂၈ “တရားစီရင်မှု ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို စော်ကားခြင်း သို့တည်မဟုတ် ဝင်ရောက် နှောက်ယှက်ခြင်း” ပြစ်ဒဏ်အရ ထောင်ဒဏ် ၆ လစီချမှတ်ခဲ့ခြင်းတို့မှာလည်း **ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၄၈၂ ပါပြဋ္ဌာန်းချက်များကို ချိုးဖောက်ပြီး** စစ်ဆေးခြင်းမပြုဘဲ ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်၍ တဖက်သတ် မတရားဆုံးဖြတ်ချက်ဖြစ်ကြောင်း ဥပဒေအရ သုံးသပ်တွေ့ရှိရပါသည်။

၄။ ယခုအခါ မြန်မာပြည်ရှိ ရှေ့နေအားလုံးသည် တရားစီရင်ရေး ဆောင်ရွက်ရာ တရားခွင်၌ လွတ်လပ်စွာ အမှုလိုက်ပါဆောင်ရွက်ခွင့် လုံးဝဆုံးရှုံးသွားပါသည်။ အမှုသည်ကိုယ်စား တင်ပြခွင့်၊ လျှောက်ထားခွင့်၊ ဆောင်ရွက်ခွင့်ကို ပိတ်ပင်ခံနေရပါသည်။ ၁၈၈၂ ခုနှစ် ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၈ ကိုချိုးဖောက်ခံလိုက်ရခြင်းဖြစ်ပါသည်။

၅။ “၁၉၈၀ ပြည့်နှစ်တွင် ဗဟိုတရားရုံးရှေ့နေများကောင်စီ” တရားရုံးများအပေါ် ရှေ့နေ ရှေ့ရပ်များ၏ တာဝန်နှင့် ပတ်သက်၍ အချက် (၁၄) ချက်ကို သက်ဆိုင်ရာ တရားစီရင်ထုံးအကိုးအကားများဖြင့် ပြည့်စုံစွာဖော်ပြထားသည်ကို တွေ့ရှိနိုင် ပါသည်။ ရှေ့နေများသည် တရားရုံးလက်စွဲပါ ပြဋ္ဌာန်းချက်အရ တရားရုံးအရာရှိများဖြစ်ပါသည်။

၆။ တရားရုံးရှိ တရားသူကြီးများသည် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ အခန်း (၂) တရားစီရင်ရေးဆိုင်ရာမူများ ပုဒ်မ ၂ (ဂ) အရ “ဥပဒေကို ပြည်သူများက နားလည်ကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးခြင်း” ဆိုသောမူကို လက်တွေ့စံပြအဖြစ် လိုက်နာလုပ်ဆောင်ရပေမည်။ “တရားခွင်တွင် အမှုသည်များ၏ အခွင့်အရေးနှင့် ပတ်သက်၍ ရှေ့နေများအနေဖြင့် ကာကွယ်ရန် တာဝန်ရှိပါသည်။ တရားရုံးများအနေဖြင့် “ပြည်သူများယုံကြည်လက်ခံ”လာအောင် လက်တွေ့စံပြအဖြစ် လိုက်နာလုပ်ဆောင်ရမည့် အစား ပြည်သူအများ အယုံအကြည်မဲ့သွားအောင် မပြုလုပ်သင့်ပေ။

နိုင်ငံရေး အကျဉ်းသားအမှုသည်များက "တရားရုံးတော်ကို အယုံအကြည်မရှိတော့ခြင်း"မှာ တရားရုံးက ဥပဒေအတိုင်း လိုက်နာလုပ်ဆောင်ခြင်းရှိမရှိ ဆိုသည့်အပေါ်တွင်သာ မူတည်ပါသည်။

၇။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၀ (၁) တွင် "ရာဇဝတ် တရားရုံးတွင် ပြစ်မှုတရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံး တရုံးတွင် ကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပပိုင်ခွင့် ရှိသည်"ဟု ပြဌာန်းချက်အရ ရှေ့နေသည် အမှုသည်အတွက် ခုခံချေပပိုင်ခွင့်ရှိပြီးသား ဖြစ်ပါသည်။ ရှေ့နေ အနေဖြင့် ခုခံချေပပိုင်ခွင့်မပေးလျှင် တရားရုံးသည် ဤဥပဒေကို ချိုးဖောက်ရာကျပါသည်။

၈။ " လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာ သဘောထားကြေညာချက်"ကို ၁၉၉၅ ခုနှစ် တရုတ်ပြည် ပီကင်းမြို့မှာ ကျင်းပသော "အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏" ခြောက်ကြိမ်မြောက် အစည်း အဝေး၌ မြန်မာနိုင်ငံမှ တရားသူကြီးချုပ် ဦးအောင်တိုး ကိုယ်တိုင်တက်ရောက် လက်မှတ်ရေထိုးခဲ့ပါသည်။ အဆိုပါ သ ဘောထား ကြေညာချက်တွင် "လွတ်လပ်သော တရားစီရင်ရေး ခေါင်းစဉ်အောက်ရှိ အပိုဒ် ၁ မှ ၉ အထိ ဖေါ်ပြထားသော တရားစီရင်ရေးဆိုင်ရာ မူများအားလုံးကို ချိုးဖောက်ပြီး တရားရုံးများက စစ်ဆေးဆုံးဖြတ်နေသည့် အပေါ်တွင် တရားသူကြီးချုပ် ဦးအောင်တိုးကိုယ်တိုင်မှာ တာဝန်ရှိပါသည်။ မှားယွင်းသည့် တရားရုံးဆုံးဖြတ်များကို ချက်ခြင်းပယ်ဖျက်ပေးပါရန် ဥပဒေကြောင်းအရ တောင်းဆိုပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ–နိုဝင်ဘာ (၇) ရက်၊ ၂၀၀၈ ခုနှစ်။

အသေးစိတ် သိလိုလျှင် –
**ဦးမျိုး (တာဝန်ခံ) ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ။ (ဖုန်း–၀၈၆ ၂၁၆ ၀၁၀၈)**